**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ SSE / NM / ၂၃ / ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁)ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၂၁.၇.၂၀၂၃) ရက်စွဲပါ စာအမှတ်၊ ပဆ-၂/ရက(DMA) Notice (၇/၁၄၁)

(၂) စွမ်းအင်ဝန်ကြီးဌာန၏ (၁၃.၇.၂၀၂၃) ရက်စွဲပါ စာအမှတ်၊ MOE-၁/၂ (လုံခြုံရေး)(၄၆၁၄)/၂၀၂၃

(၃)ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၁၆.၅.၂၀၂၃) ရက်စွဲပါ စာအမှတ်၊ SSE/NM/၁၆/၂၀၂၃

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် (A-3) ဧရိယာတွင် SHWE Phase 4 Development Project အရ Pre Construction Survey လုပ်ငန်းများကို (၁.၆.၂၀၂၃)ရက်နေ့မှ (၃၁.၇.၂၀၂၃)ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ရည်ညွှန်းချက် (၃)ပါ စာဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ သို့ရာတွင် အဆိုပါနေ့ရက်များ၌ လုပ်ငန်းများမပြီးပြတ်သေးပါသဖြင့် Pre Construction Survey လုပ်ငန်းများကို M.V FUGRO EQUATOR (Call Sign: C6ZT5) ဖြင့် (၃၁.၇.၂၀၂၃) ရက်နေ့မှ (၁၅.၈.၂၀၂၃) ရက်နေ့အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Pre Construction Survey လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 19° 42′ 52.5412″ N | 092° 25′ 38.8098″ E |
| B | 19° 42′ 55.0087″ N | 092° 42′ 49.3905″ E |

| Point | Latitude | Longitude |
|---|---|---|
| C | 19° 21′ 11.2555″ N | 092° 25′ 43.3909″ E |
| D | 19° 21′ 13.6743″ N | 092° 42′ 51.6812″ E |

၃။ သို့ဖြစ်ပါ၍ (၃၁.၇.၂၀၂၃) ရက်နေ့မှ (၁၅.၈.၂၀၂၃) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ဧရိယာအကျယ်အဝန်းများမှ (၄) ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)